# “စစ်နွံထဲက ဗမာပြည်”

ဒီကနေ့ ကျရောက်တဲ့ စစ်တပ်အာဏာသိမ်းတဲ့ နှစ်ပတ်လည်နေ့မှာတော့ မြန်မာနိုင်ငံမှာ စစ်အာဏာရှင်စနစ် ဘယ်လိုအမြစ်တွယ်လာသလဲ။ ဘာကြောင့် ဆက်လက် တည်မြဲနေသလဲဆိုတဲ့အကြောင်းကိုတော့ ဦးဘမော်နဲ့ ဦးရင်မောင်တို့ကနေပြီးတော့ စစ်နွံထဲက ဗမာပြည် ဆိုတဲ့အစီအစဉ်ကနေ ဆွေးနွေးတင်ဆက်ထားပါတယ်။

မြန်မာနိုင်ငံက တချိန်တခါက ဒီမိုကရေစီစနစ်ကို ကျင့်သုံးခဲ့တဲ့ နိုင်ငံတနိုင်ငံဖြစ်တယ်လို့ ပြောရင် အခုမျိုးဆက်သစ်လူငယ်တွေ ယုံကြမယ်တောင် မထင်ပါဘူး။ ၁၉၄၈ ခု လွတ်လပ်ရေးရခဲ့ပြီးတဲ့နောက် ၁၀ နှစ်လောက် ပါလီမန် ဒီမိုကရေစီစနစ်ကို ကျင့်သုံးခဲ့တာပါ။ ဒီလို ကျင့်သုံးခဲ့ရာကနေ မြန်မာနိုင်ငံ ဒီမိုကရေစီ ဆိတ်သုန်းပြီး စစ်အာဏာရှင်စနစ် ဘယ်လိုအမြစ်တွယ်လာခဲ့ပါသလဲ။ ဘာကြောင့် အမြစ်တွယ်ခွင့် ရခဲ့ပါသလဲ။ စမ်းစစ်ကြည့်ကြရအောင်ပါ။

“အဲဒီအချိန်မှာ မြေအောက်မှာလည်း ကွန်မြူနစ်လှုပ်ရှားမှုကရှိတယ်။ အဲတော့ ကွန်မြူနစ်နဲ့ ဆွေးနွေးမလား။ ကွန်မြူနစ်ကတော့ သူ့ဟာသူ လက်နက်ကိုင်တော်လှန်ရေး၊ လက်နက်ကိုင်တော်လှန်တာကို စွန့်လွှတ်ပြီးတော့ သူကွန်မြူနစ်ကို အလင်းဝင်မလား၊ အလင်းဝင်ပြီး အမတ်အရွေးခံမလား ဆိုပြီးတော့ သူတို့ လုပ်ကြတာပေါ့လေ။ ဆိုတော့ နောက်ဆုံးပိတ်မှာ ဒီ ဖဆပလ၊ အာဏာရ ဖဆပလ ပါတီ နှစ်ခြမ်းကွဲသွားတဲ့အချိန်မှာ သန့်ရှင်းနဲ့ တည်မြဲပေါ့။ သန့်ရှင်းက ဦးနုခေါင်းဆောင်တဲ့အုပ်စုနဲ့ ဦးကျော်ငြိမ်း၊ ဦးဗဆွေခေါင်းဆောင်တဲ့ အုပ်စု၊ ဒီ အုပ်စုနှစ်စု ကွဲသွားပြီးတဲ့နောက်ပိုင်းမှာ ဦးနုတို့ဘက်က ကွန်မြူနစ်တွေနဲ့ သူတို့ ချစ်ကြည်ရေးလုပ်တာပေါ့လေ။ မြေပေါ်မြေအောက် ဒီ လက်ဝဲသမားတွေနဲ့ ညှိနှိုင်းပြီးတော့ သူတို့ မြေပေါ်ခေါ်ယူဖို့ စီစဉ်တယ်။ ဒါကို တည်မြဲဘက်က မကြိုက်ဘူး။ အဲဒါကို တည်မြဲစစ်ဗိုလ်တွေကလည်း မကြိုက်ဘူး။”

မြန်မာနိုင်ငံမှာ စစ်အာဏာရှင်စနစ် စပြီးတော့ အမြစ်တွယ်ခဲ့တဲ့ကာလရဲ့ နောက်ကြောင်း သမိုင်းကြောင်းကို သမိုင်းပညာရှင် ဒေါက်တာအောင်ခင် ပြန်ပြောင်းပြောပြခဲ့တာဖြစ်ပါတယ်။

ဒီလိုအချိန်မျိုးမှာ စစ်အာဏာရှင်စနစ် သန္ဓေစတည်ခဲ့ပုံနဲ့ ပတ်သက်လို့ ဂျပန်နိုင်ငံ ကမ်းတ တက္ကသိုလ်က သမိုင်းပညာရှင် ဒေါက်တာအေးချမ်းက အခုလိုပြောပါတယ်။

“အာဏာရှင်စနစ် သန္ဓေတည်တာဟာ ဖဆပလ ကို ဖွဲ့စည်းတဲ့အခါမှာ ဗမာပြည်ကွန်မြူနစ်ပါတီရယ်၊ ဆိုရှယ်လစ်ပါတီရယ်၊ နောက်ပြီးတော့ ဗမာ့တပ်မတော်ရယ်ဆိုပြီးတော့ မဏ္ဍိုင်ကြီး သုံးခု၊ ဒေါက်ကြီး သုံးခုနဲ့ ဖွဲ့ခဲ့တာပေါ့လေ။ ဗမာ့တပ်မတော်ကတော့ နိုင်ငံရေးနဲ့ ကင်းရှင်းရမယ်ဆိုပြီးတော့ ထွက်သွားတဲ့အခါမှာ ဆိုရှယ်လစ်နဲ့ ကွန်မြူနစ်နဲ့က ဗမာ့တပ်မတော်ကို သူ့ဘက် ကိုယ့်ဘက် ပါအောင် အတင်း လုကြတာခင်ဗျာ့။ လုတဲ့အခါမှာ ထင်ထင်ရှားရှား တပ်မတော်ရဲ့ ခေါင်းဆောင်ဆိုတဲ့ ပုဂ္ဂိုလ်တွေက ကွန်မြူနစ်အုပ်စုဝင်တွေ ဖြစ်နေတဲ့အခါကျတော့ ဆိုရှယ်လစ်အုပ်စုက ကွန်မြူနစ်အုပ်စုဝင် မဟုတ်တဲ့ လူတစ်ယောက် ဖြစ်ဖြစ်မြောက်မြောက် အားကိုးရလောက်တဲ့လူတစ်ယောက်ကို သူက ရှာတော့တာပဲ။ အဲလိုရှာတဲ့အခါမှာ ဗိုလ်ချုပ်နေဝင်းကို တွေ့ပြီးတော့ ဒီ ဗိုလ်ချုပ်နေဝင်းက ၁၉၄၈ – ၄၉ မှာ ဒုတိယဝန်ကြီးချုပ်နဲ့ ကာကွယ်ရေးဝန်ကြီး တာဝန်ကို ရယူလိုက်တာ။ ဗိုလ်ချုပ်စမစ်ဒွန်းကို ဖယ်ရှားပြီးတော့မှ ဗိုလ်ချုပ်နေဝင်းကို ကာကွယ်ရေးဦးစီးချုပ်ရာထူးကို ပေးလိုက်တာသည်ပင်လျှင် ဆိုရှယ်လစ်အုပ်စုရဲ့ အကွက်ချ စီစဉ်မှုဖြစ်တယ်လို့ ကျနော်မြင်တယ်။ စစ်တပ်ကို နိုင်ငံရေးထဲကို မလိုအပ်ဘဲနဲ့ ဆွဲသွင်းခဲ့တဲ့ခေါင်းဆောင် ဒီခေါင်းဆောင်တွေမှာ တာဝန်ရှိပါတယ်။ အထူးသဖြင့် ဆိုရှယ်လစ်ခေါင်းဆောင်တွေမှာ တာဝန်ရှိပါတယ်။”

ဒီနောက် ၁၉၅၈ ခုနှစ်မှာ ဗိုလ်ချုပ်နေဝင်း ဦးဆောင်တဲ့စစ်တပ်ဟာ အိမ်စောင့်အစိုးရ ဖြစ်လာခဲ့ပါတယ်။ ဒါဟာ အာဏာသိမ်းတာပဲလို့ ဦးနုရဲ့ တာတေစနေသား စာအုပ်ကို ကိုးကားပြီးတော့ ဒေါက်တာအေးချမ်းက ပြောခဲ့သလို အိမ်စောင့်အစိုးရ ဖွဲ့စည်းရေးနဲ့ ပတ်သက်ပြီး ရန်ကုန်တက္ကသိုလ် ဘွဲ့နှင်းသဘင် ခန်းမမှာ အဲဒီအချိန်က ဝန်ကြီးချုပ် ဦးနု ကြေညာခဲ့တာကို ကိုယ်တိုင် တက်ရောက်နားထောင်ခဲ့ရတဲ့ ရန်ကုန်တက္ကသိုလ်က ဆရာဟောင်း၊ ကျောင်းသားခေါင်းဆောင်ဟောင်းတဦးဖြစ်တဲ့ ဦးလှဖေက အခုလိုပြောပြပါတယ်။

“ဦးနုက ပြောတာက ‘အခုလို အာဏာလွှဲပြောင်းပေးဖို့ ဆုံးဖြတ်ရတာဟာ ဘာမှထူးခြားတဲ့ အကြပ်ကိုင်မှု တခုမှ မရှိပါဘူး။ မိမိဆန္ဒအလျောက် တိုင်းပြည်ရဲ့ လိုအပ်ချက်လို့ မြင်လို့ လွှဲပြောင်းတာ ဖြစ်ပါတယ်။ အဲလို လွှဲပြောင်းဖို့အတွက် တိုက်တွန်းတာ တချို့ရှိတော့ ရှိတယ်။ အဲဒီလို တိုက်တွန်းတယ်ဆိုတဲ့နေရာမှာ အာဏာသံ တစက်ကလေးများပါရင် ရာဇဝင်တမျိုး ပြောင်းသွားမယ်” ဆိုပြီး ဦးနုက ကြိမ်းဝါးပြီးတော့ ပြောသွားတယ်။ အဲဒီလို မိန့်ခွန်းပြောတဲ့အခါမှာ ဦးနုတဲ့ မျက်နှာလည်း နီရဲသွားတယ်။ ဘွဲ့နှင်းသဘင်အခမ်းအနားကို တက်ရောက်တဲ့ကျောင်းသားတွေ၊ ဆရာတွေ၊ ကထိကတွေ၊ ပါမောက္ခတွေ အားလုံးပဲ လက်ခုပ်တီးကြတယ်။ ကျနော်တော့ လက်ခုပ်မတီးဘဲ ငေးကြည့်နေပါတယ်။ ဦးနုတော့ တခုခုတော့ လှည့်နေပြီလို့ ကျနော် ခံစားရပါတယ်။ သတင်းတွေ အမျိုးမျိုး ရနေတာက အာဏာလွှဲပြောင်းပေးဖို့အတွက် အကြပ်ကိုင်မှုတွေ ရှိနေပြီ။ အထူးသဖြင့် စစ်တပ်က အုပ်ချုပ်မှုကို တစုံတရာကိုင်လို့ရအောင် ဦးကျော်ငြိမ်းအိမ်မှာ တိုးတိုးတိတ်တိတ် တိုင်ပင်တာရှိနေပြီ။ ဒီပြင် ဘယ်သူတွေပါတယ်ဆိုပြီးတော့ နာမည်တွေ ဘာတွေ ကောင်းကောင်းသိနေပါတယ်။

၁၉၅၈ က အာဏာသိမ်းခဲ့တာပဲ ဆိုဆို၊ အကြပ်ကိုင်လို့ အာဏာကို လွှဲပေးခဲ့ရတာလို့ ပြောပြော အိမ်စောင့်အစိုးရ ဖြစ်လာခဲ့တဲ့ စစ်တပ်ဟာ ၁၉၆၂ ခုနှစ်မှာတော့ တကယ်ကို အာဏာကို သိမ်းယူလိုက်ပါတော့တယ်။ ဒါနဲ့ပတ်သက်လို့ ဒေါက်တာအောင်ခင်က အခုလို သုံးသပ်ပါတယ်။

"ဗိုလ်နေဝင်း အိမ်စောင့်အစိုးရလက်ထက်ပေါ်လာတယ်။ ပေါ်လာပြီးတော့ နောက်တခါအာဏာသိမ်းတယ်ပေါ့လေ။ ဆိုတော့ အပြင် စစ်တပ်ကို အကူအညီတောင်းရတယ် ဆိုကတည်းက ဒီ နိုင်ငံရေးသမားတွေဟာ ပါလီမန်ဒီမိုကရေစီစနစ်ကို မယုံတာဘဲ။ အယုံအကြည် မရှိတာလား၊ နားမလည်တာလားဆိုတာတော့ ကျနော်လည်း သေချာမသိဘူး။ ဒါ ပါလီမန်ဒီမိုကရေစီစနစ်၊ နိုင်ငံရေးပါတီစနစ် ချွတ်ချုံ ကျတာကို ပြတာပဲ။"

ဒီလို ကျနော်တို့ အခုထိ ကြားခဲ့ကြရတာတွေကို ချုပ်ပြီးပြောရရင် လွတ်လပ်ရေး ရပြီးကာစ ပြည်တွင်းစစ်၊ နိုင်ငံရေးသမားတွေရဲ့ အာဏာလုပွဲ၊ ဒီမိုကရေစီစနစ်ကို အရှည်တည်တံ့အောင် မထိန်းသိမ်းနိုင်ခဲ့တာ၊ စစ်တပ်ကို အသုံးချခဲ့တာတွေဟာ စစ်အာဏာရှင်စနစ်ကို အမြစ်တွယ်စေခဲ့တဲ့ အကြောင်းအရင်းတွေပဲလို့ ပြောနိုင်ပါတယ်။ ဒီနေရာမှာ မြန်မာစစ်တပ်ဟာ ဘယ်လို ဘယ်လိုစစ်တပ်မျိုးလဲ၊ ဘယ်လိုပေါ်ပေါက်လာခဲ့သလဲ ဆိုတာကိုလည်း စမ်းစစ်ကြည့်ဖို့ လိုပါလိမ့်မယ်။ သမိုင်းပညာရှင် ဒေါက်တာ အောင်ခင်က ဒုတိယကမ္ဘာစစ်အတွင်းမှာ ဗမာစစ်တပ်ပေါ်လာတာပေါ့ဗျာ။

ဗမာစစ်တပ်ပေါ်လာရတဲ့အတွက် စစ်အာဏာရှင်စနစ် ဖြစ်သွားတယ်ဆိုရင်လည်း ဒီဘက်က ပြောရင်လည်း မြင်ရင်လည်း ပြောလို့ရတာပေ့ါ။ ဘာကြောင့်လဲဆိုတော့ အကယ်၍ ဗမာစစ်တပ်သာ ဒုတိယကမ္ဘာစစ်အတွင်းက ပေါ်မလာဘူးဆိုလို့ရှိရင် အင်္ဂလိပ်ကိုလိုနီလက်ထပ်မှာပဲ နေပြီးတော့ အင်္ဂလိပ်က ဆက်ပြီးတော့ စစ်ပြီးတဲ့အခါမှာ လွတ်လပ်ရေးတော့ ချက်ချင်းမရဘူး။ ၄–၅ နှစ်ကြာတဲ့အခါမှာ လွတ်လပ်ရေးရမယ်။ ရတော့ အင်္ဂလိပ်ဖွဲ့ တဲ့ စစ်တပ်တည်းနဲ့ပဲ သွားမယ်ဆိုတော့ အခုဖြစ်ရင် အိန္ဒိယလို ဖြစ်သွားနိုင်တာပေ့ါ။ အိန္ဒိယလို မလေးရှားလို ဖြစ်သွားနိုင်တယ်။ ဒီ ဗမာစစ်တပ်ကို ဖွဲ့တာကတော့ ဗိုလ်ချုပ်အောင်ဆန်းပဲဗျ။ ဗိုလ်ချုပ်အောင်ဆန်းက စစ်အာဏာရှင်စနစ်ကို မလိုလားပေမယ့် ဗမာစစ်တပ် ကို တည်ထောင်တာက ဗိုလ်ချုပ်အောင်ဆန်း။ ဘာဖြစ်လို့လဲဆိုတော့ BIA တပ်ကို ဂျပန်ဖျက်လိုက်တဲ့အချိန်မှာ ဗမာစစ်တပ်က နိဂုံးချုပ် သွားပြီ။ အဲတော့ ဒေါက်တာဗမော်ရဲ့ ကိုယ်ရေးမှတ်တမ်းထဲမှာ ကြည့်လို့ရှိရင် ဒီဗမာစစ်တပ်ပျက်သွားတာကို ဗိုလ်ချုပ်အောင်ဆန်းက အင်မတန် စိတ်ထိခိုက်တော့ ဒေါက်တာဗမော်ကို သူအမြဲတမ်းပြောတယ်။ ဗမာစစ်တပ် ပြန်ဖွဲ့ပေးဖို့၊ ဗမာ့ကာကွယ်ရေးတပ်မတော်ဆိုပြီး BDA ကို ဒါက ပြန်ဖွဲ့ပေးတာပေ့ါ။ ဒါက ဒေါက်တာဗမော်တို့လည်း အများကြီးပါတာပေ့ါ၊ ဒီဗမာစစ်တပ်ပြန်ဖွဲ့ဖို့။ အဲတော့ ဗမာစစ်တပ် ပေါ်ပေါက်လာတဲ့အတွက် ဗမာစစ်အာဏာရှင်စနစ် ဖြစ်တယ်လို့ ပြောရင်လည်း ပြောနိုင်တယ်။ ဘာဖြစ်လို့လဲဆိုတော့ ဗမာစစ်တပ် မပေါ်ရင်တော့ ဗမာစစ်အာဏာရှင်စနစ် ပေါ်ပေါက်ဖို့ အခွင့်အလမ်း အင်မတန်နည်းတယ်လို့ ပြောနိုင်တာပေ့ါ။ အဲတော့ ဗမာစစ်တပ်ကလည်း စလာကတည်းက အမှုထမ်းစစ်တပ်မဟုတ်ဘူး။ အမှုထမ်းစစ်တပ်ဆိုတာဟာ ဗိုလ်ချုပ်ကြီး စမစ်ဒွန်းလက်ထက်တုန်းက ကရင်ဗိုလ်ချုပ်ကြီး ရှိတုန်းက အမှုထမ်းစစ်တပ်ဖြစ်နိုင်ဖို့ အလားအလာရှိတယ်။ နောက်ကျတော့ ဒီ ကရင် – ဗမာ ပဋိပက္ခလည်း ပါတာပေ့ါဗျာ။ အဲဒီမှာ ဗမာစစ်တပ်က တဖြည်းဖြည်းနဲ့ နိုင်ငံရေးအုပ်စုတွေပေ့ါဗျာ ဒီထဲမှာလုပ်တော့ နိုင်ငံရေးစစ်တပ်ဖြစ်သွားတာပေ့ါ။ ဆိုတော့ အစောကြီးကတည်းက နိုင်ငံရေးနဲ့ ရောထွေးယှက်တင်ဖြစ်လာတဲ့အတွက် ပါလီမန်ဒီမိုကရေစီစနစ်တည်ဆောက်တဲ့အခါမှာလည်း နိုင်ငံရေးနဲ့ ရောထွေးယှက်တင် ဆက်ဖြစ်နေတာပဲ။ စစ်တပ်ကလူတွေ ဒါမျိုးတွေ ရောထွေးယှက်တင်ဖြစ်တာ သိပ်များတယ်။ များတဲ့အတွက် ဒီမိုကရေစီစနစ်ဆိုပြီး ပီပီပြင်ပြင် ဖြစ်မလာခဲ့ဘူးပေ့ါဗျာ။ အဲတော့ မပီမပြင် ဖြစ်နေရင်းကနေ ဗိုလ်ချုပ်နေဝင်းက သိတယ်။ ဒီလူတွေ ငါလုပ်ချင်သလို လုပ်လို့ရတယ်ဆိုတာ သိပြီးတော့ စစ်အာဏာသိမ်းပြီး အကုန်လုံး ထောင်ထဲဖမ်းထည့်လိုက်တာပေ့ါဗျာ။"

နောက်တခါ မြန်မာစစ်တပ်ရဲ့ မြစ်ဖျားခံရာလို့ ပြောနိုင်တဲ့ ဂျပန်နိုင်ငံမှာ စစ်ပညာသင်ကြားခဲ့တဲ့ ရဲဘော်သုံးကျိပ်ရဲ့ ဖွဲ့စည်းပုံကိုလည်း လေ့လာကြည့်ကြရအောင်ပါ။

ရဲဘော်သုံးကျိပ်ဝင် ဗိုလ်မှူးချုပ်ဟောင်းကျော်ဇောရဲ့ သမီး ဒေါက်တာလှကျော်ဇောက သူ့ဖခင်ရဲ့ ပြောကြားချက်တွေကို ကိုးကားပြီးတော့ အခုလို ပြောပြပါတယ်။

"ရဲဘော်သုံးကျိပ်မှာ အဓိကပါဝင်တာ တို့ဗမာသခင်အုပ်စု နှစ်ဂိုဏ်းကပေ့ါ။ ဆရာကြီးသခင်ကိုယ်တော်မှိုင်း ဂိုဏ်းက အများစု ဖြစ်တယ်။ ဆရာကြီးသခင်ကိုယ်တော်မှိုင်းရဲ့ အုပ်စုကဆိုရင်တော့ ဗိုလ်ချုပ်အောင်ဆန်း ဦးစီးတဲ့ ဗိုလ်ချုပ်အောင်ဆန်း၊ ဗိုလ်လယျာ်တို့–––၊ ဗိုလ်ဇေယျတို့၊ ဗိုလ်ရန်နိုင်တို့ အဲဒီလူတွေ ဦးစီးတဲ့ အုပ်စုက အဓိကများတယ်။ အဲတော့ အဲဒီဟာတွေ အားလုံးဟာ သခင်ခေါင်းဆောင် တွေ ဖြစ်ကြတယ်။ လူငယ်တွေဖြစ်ကြတဲ့အထဲမှာ သူတို့ လက်ဝဲဘက် တိမ်းစောင်းတဲ့လူတွေများတော့ ဒါကို ဂျပန်က ထိန်းညှိဖို့အတွက် သူနဲ့လည်း တဖက်က ဆက်ဆံထားတဲ့ သခင်ဘစိန်တို့ သခင်ထွန်းအုပ်တို့ အဖွဲ့ထဲက လူတွေကို နောက်ဆုံးအသုတ်အဖြစ်နဲ့ ဒီ ရဲဘော် သုံးကျိပ်ထဲ ထည့်လိုက်တာ။ သခင်ထွန်းအုပ်နဲ့ ဗိုလ်စကြာ်က အဓိကတာဝန်ခံတွေဖြစ်တယ်။ ဒါပေမယ့် သခင်ထွန်းအုပ်က သူက အုပ်ချုပ်ရေးပဲ သင်မယ်၊ စစ်ရေးမလေ့လာဘူးဆိုပြီး သူက တိုကျိုမှာပဲ ကျန်ခဲ့တယ်။ ဟိုင်နန်အထိ ပါမလာဘူး။ ဟိုင်နန်ကျွန်း ဒီ ကျန်တဲ့ ရဲဘော်သုံးကျိပ်တွေနဲ့ လာပေါင်းတဲ့အခါမှာ ဗိုလ်စကြာ်နဲ့ ဗိုလ်နေဝင်းတို့က ဦးစီးသလို ဖြစ်တယ်။ ဗိုလ်စကြာ်ကလည်း စစ်ရေးစစ်ရာ တွေ သိပ်တက်တက်ကြွကြွ မရှိဘူး၊ အဲဒီမှာ ဗိုလ်နေဝင်းက ပိုပြီးတော့ အဲဒီအုပ်မှာ လူကြီးလိုဖြစ်လာတာပေ့ါ။"

နောက်တခါ မြန်မာနိုင်ငံမှာ အာဏာသိမ်းတဲ့အလေ့အထကို မျိုးစေ့ချခဲ့သူလို့ ပြောနိုင်တဲ့ ဗိုလ်ချုပ်နေဝင်းဟာ ဘယ်လို လူစားမျိုးလဲဆိုတာကိုလည်း တခါ ကြည့်ကြရအောင်ပါ။ ဒေါက်တာလှကျော်ဇောကပဲ ...

"ဗိုလ်နေဝင်းရဲ့ ထူးခြားချက်က ကျန်တဲ့လူတွေနဲ့ မတူတာက ကျန်တဲ့ ဗိုလ်ချုပ်အောင်ဆန်းအပါ ကျန်တဲ့လူတွေအားလုံးက သခင်ခေါင်းဆောင်တွေ၊ ကျောင်းသားခေါင်းဆောင်တွေ ဖြစ်တော့ လူတွေက ဖြောင့်တယ်လေ။ သူကတော့ အစကတည်းက အင်္ဂလိပ်လက်အောက်မှာ စာတိုက်တို့၊ ဘာတို့မှာ အမှုထမ်းလာတော့ သူက သိပ်အခြေအနေ အကဲခတ်တော်တယ်။ သူက လူပေါင်းသူပေါင်း ဆန့်တယ်။ ပြီးတော့ သူက ဒီဘက်က ဆရာကြီးသခင်ကိုယ်တော်မှိုင်းတို့ အုပ်စုဖြစ်တဲ့ ဗိုလ်ချုပ်အောင်ဆန်းတို့

ကျန်တဲ့လူတွေကိုလည်း တော်တော်ကို လေးလေးစားစား ကောင်းကောင်းမွန်မွန် ဆက်ဆံတယ်။ အဲဒါတွေကို ကျန်တဲ့ ရဲဘော်သုံးကျိပ်တွေက တွေ့တဲ့အခါ 'အော် ငါတို့ခေါင်းဆောင်တွေအပေါ်မှာလည်း ကောင်းကောင်းမွန်မွန် ဆက်ဆံတာပဲ' ဆိုပြီး သူ့လည်း ကောင်းကောင်းမွန်မွန် ဆက်ဆံတာပဲ။ ဒါပေမယ့် ဗမာပြည်ကို ပြန်ရောက်ပြီးတဲ့အခါမှာတော့ အထူးသဖြင့် ဒီ BIA တို့ ဘာတို့နဲ့ ဂျပန်ခေတ် ရောက်လာတဲ့အခါမှာ ဗိုလ်နေဝင်းဟာ အကျင့်စာရိတ္တအရရော ဘာရော တော်တော် ပုံပျက်လာတာ တွေ့ရတယ်။ အဲဒါကြောင့်မို့လို့ အဲဒီခေတ် အဲဒါအခါက ဗိုလ်ချုပ်အောင်ဆန်း အပါအဝင် နိုင်ငံရေးခေါင်းဆောင်တွေက ဗိုလ်နေဝင်းကို တပ်ကထောင်ထုတ်ဖို့ လုပ်ပါသေးတယ်။ ဒါပေမယ့် အဲဒီကာလက တပ်ပေါင်းစုကြီး ထွက်ရပ်ဂိုဏ်းတို့ ဘာတို့ တပ်ပေါင်းစုကြီးဖွဲ့တဲ့ကာလဖြစ်တော့ အရင်တုန်းက လက်ယာ သမားတွေနဲ့တောင် ပေါင်းရတော့ တို့လူငယ်အချင်းချင်း လက်ဝဲသမားအချင်းချင်း ကွဲလို့ မသင့်တော်ဘူး ဆိုပြီးတော့ ဗိုလ်ချုပ်အောင်ဆန်းကိုယ်တိုင်ကလည်း သူတပ်ထဲမှာ ရှိနေရင်တော့ ဆက်ထိန်းသွားနိုင်လိမ့်မယ်လို့ ထင်ပြီးတော့ ဗိုလ်နေဝင်းကို မဖြုတ်ဘဲနဲ့ ထားလိုက်မိတာပဲ။ အဲတော့ ဗိုလ်နေဝင်းက အဲဒီကာလကတည်းက သူက ကိုယ်ရေးကိုယ်ရာ ကြီးပွားချင်တဲ့စိတ်ပေါ့လေ အဲဒီဟာတွေ ရှိလာတယ်။ ရှိလာပြီးတော့ သူက သူ့ကို ကျန်တဲ့လူတွေက မလေးစားဘူး၊ မကြည်ညိုဘူး။ ဒါပေမယ့် အဲဒီနောက်ပိုင်းမှာ တပ်ထဲကို ရောက်လာတဲ့ အနွယ်တွေရှိတယ်။ ဥပမာ ဗိုလ်အောင်ကြီးတို့လို၊ ဗိုလ်မောင်မောင်တို့လို၊ အဲဒီ အနွယ်တွေက သူတို့ဆရာအဖြစ် ဗိုလ်နေဝင်းကို ကောက်တင်လိုက်ပြီးတော့ တပ်ကိုချယ်လှယ်ဖို့ ကြိုးစားခြင်းကနေပြီးတော့ တပ်က ဆိုရှယ်လစ်တပ်မျိုးများရဲ့ ဟိုဒင်းဖြစ်သွားတာပေါ့လေ။ ဗမာတပ်မတော်က သူတို့ အများစုက ဦးစီးလိုက်သလို ဖြစ်တာပေါ့။ ကျန်တဲ့လူတွေကလည်း ကွန်မြူနစ်တွေများကြတာကိုး။ ကွန်မြူနစ်တွေ တောခိုတဲ့ထဲ ဘာတွေထဲ ပါသွားတော့ သူတို့က ဒါကို ပြန်မစေ့စပ်တော့ဘဲနဲ့ ပြည်တွင်းစစ်ကြီးကို ပိုပြီးတော့ မကြီးမား ကြီးမားအောင် လုပ်လိုက်တာပါပဲ။"

၁၉၆၂ ခုနှစ်က အာဏာသိမ်းခဲ့တဲ့ ဗိုလ်ချုပ်နေဝင်း ဦးဆောင်တဲ့စစ်တပ်ဟာ ၁၉၇၄ ခုနှစ်မှာ ဖွဲ့စည်းပုံရေးဆွဲပြီးတော့ အရပ်သားအစိုးရ အသွင်နဲ့ တပါတီ အာဏာရှင်စနစ်ကို ကျင့်သုံးပြီး ၁၉၈၈ ခု လူထုအုံကြွမှုတွေ ဖြစ်လာတဲ့အထိ နိုင်ငံကို ထိန်းချုပ်ထားခဲ့ပါတယ်။ တခြား နိုင်ငံတွေမှာ စစ်တပ်က အာဏာသိမ်းခဲ့တာတွေ ရှိပေမယ့်လည်း မြန်မာနိုင်ငံလို စစ်တပ်က အစဉ်တစိုက် အုပ်ချုပ်သွားတယ်ဆိုတာမျိုး ရှိတာ မတွေ့ရပါဘူး။ ဒါဟာ ဘာကြောင့်ပါလဲ။ ဒေါက်တာအောင်ခင်က ဒီမေးခွန်းကို အခုလို ဖြေပါတယ်။

"သူများနိုင်ငံက ဗမာပြည်မှာလို ပြည်တွင်းစစ်တွေ ဘာတွေ ရှိချင်မှ ရှိမယ်လေ။ စစ်တပ်က အာဏာသိမ်းတယ်၊ အာဏာကြာကြာယူထားရင် ဒီ စစ်တပ်က ပျက်တာကိုး။ ပျက်တဲ့အတွက် စစ်တပ်ပျက်မှာစိုးလို့ သူတို့ နောက်ပြန်ဆုတ်တာတွေ ရှိတယ်။ ဗမာပြည်မှာကြတော့ ဒီ စစ်တပ်ရှိတယ်။ စစ်တပ်ကရှိပေမယ့် သူပုန်ရှိတယ်။ နောက်တခုက တရုတ်ဖြူ ကျူးကျော်လာတယ်။ တရုတ်ဖြူတပ်တွေ ဗမာပြည်ထဲဝင်လာတော့ စစ်အင်အား အင်မတန် တိုးချဲ့ရတယ်။ အရင်တုန်းက ရှမ်းပြည်မှာ ဗမာစစ်တပ်မရှိဘူး။ တရုတ်တပ်တွေ ဝင်လာတော့ ရှမ်းပြည်ကိုလည်း စစ်တပ်က ဝင်သိမ်းပြီးတော့ ရှမ်းပြည်မှာ စစ်အုပ်ချုပ်ရေး လုပ်ရတာတွေ ဘာတွေ ရှိတာပေါ့။ အဲတော့ ကွန်မြူနစ်ပုန်ကန်မှုရယ်၊ ဒီ တရုတ်တပ်တွေ ဝင်လာတာတွေနဲ့ ပတ်သက်ပြီးတော့ အရပ်သားအစိုးရက စစ်တပ်ကို သိပ်အားကိုးရတယ်။ စစ်တပ်ကလည်း အင်မတန် ကြီးထွားလာပြီးတော့ နယ်မှာဆိုလို့ရှိရင် စစ်တပ်က အဆုံးအဖြတ် ပေးတာများတယ်။ ဆိုတော့ နယ်မှာ အရေးပိုင်တစ်ယောက်နဲ့ ဗိုလ်မှူးကြီးတစ်ယောက်ဆို ဗိုလ်မှူးကြီးတစ်ယောက်က အရေးပိုင်ထက် ပိုပြီးတော့ ဩဇာအာဏာ ရှိသလို ဖြစ်သွားတာပေါ့။ ဒီ သူပုန်လက်နက်ကိုင် တော်လှန်ရေးရယ်၊ နောက် တရုတ်တပ်တွေ ဝင်လာတာရယ်၊ တရုတ်က တရုတ်ဖြူကနေ တရုတ်နီကို ပြန်တိုက်ဖို့ ကြိုးစားတာရယ်။ အဲတော့ ဗမာပြည်က ဒေသဆိုင်ရာ စစ်ပွဲလေးတွေ ဖြစ်တဲ့နေရာလို ဖြစ်သွားတဲ့အခါကျတော့ စစ်တပ်က အင်မတန်အားကြီးလာတယ်။ အားကြီးလာတော့ စစ်တပ်က ပိုပြီးတော့ အသုံးစရိတ်ပေးရတယ်။ တဖြည်းဖြည်းနဲ့ စစ်တပ်က ဝင်လာပြီးတော့ နောက်ဆုံးပိတ်မှာ အရပ်သား အစိုးရကို ဖြုတ်ချလိုက်တာပဲ။ မဆလ ဆိုရှယ်လစ်အစိုးရ ဆိုတာကလည်း စစ်ဗိုလ်လူထွက်ကိုးဗျ။ ဗိုလ်ချုပ်နေဝင်း အာဏာရှင်စနစ်အောက်မှာ ရှိနေသမျှတော့ ဒီ မဆလ နိုင်ငံရေးပါတီကလည်း ဗိုလ်ချုပ်နေဝင်း အမိန့်နာခံရတာပဲ။ စစ်တပ်ကလည်း ဗိုလ်ချုပ်နေဝင်းအမိန့် နာခံရတာပဲ။ ဒီဟာတွေအားလုံးက ဗိုလ်ချုပ်နေဝင်းက သေဆိုသေ ရှင်ဆိုရှင် ဆိုပြီး လုပ်တဲ့ပုံစံပေါ့။ အဲဒီပုံစံပဲ အခုလည်း ဗိုလ်သန်းရွှေက ပြန်လုပ်တာပဲ။"

ဒီလို အကြောင်းမျိုးစုံ နောက်ခံနဲ့ ၁၉၆၂ ခုနှစ်က အာဏာသိမ်းခဲ့တဲ့ စစ်တပ်ဟာ ၁၉၈၈ ခု စက်တင်ဘာလမှာလည်း တိုင်းပြည်ကို ချောက်ထဲ မကျအောင် ဆိုပြီး ထပ်ပြီးတော့ အာဏာသိမ်းခဲ့ခြင်း အားဖြင့် စစ်အာဏာရှင်စနစ်ကို ပိုပြီးတော့ သက်ဆိုးရှည်သွားစေခဲ့ပါ။

ဘာကြောင့် စစ်အာဏာရှင်စနစ် အမြစ်တွယ်လာရသလဲ ဆိုတာကို သိခဲ့ရပါပြီ။ ဒီ စစ်အာဏာရှင်စနစ်က မြန်မာနိုင်ငံမှာ ဘာဖြစ်လို့ ဒီလောက်အထိ ဒီနေ့တိုင် ခိုင်မြဲနေတာပါလဲ။ ဖြတ်သန်းမှုနောက်ခံ မတူကြတဲ့သူတွေ မြန်မာပြည်ရဲ့သမိုင်း မြန်မာပြည်ရဲ့ အရေး သိမြင်ခဲ့သူတွေကို ချည်းကပ်ပြီးတော့ မေးကြည့် သုံးသပ်ကြည့်ကြတာပေါ့ဗျာ။

ပထမဦးဆုံး ကျနော် အမေရိကန်နိုင်ငံ ဂျော့စတောင်း ယူနီဗာစတီက မြန်မာ့အရေးဆိုင်ရာ လေ့လာသူ ကျွမ်းကျင်သူ ပရောဖက်ဆာ ဒေးဗစ်စတိုင်းဗက်စ်ကို ဘာဖြစ်လို့ စစ်အာဏာက တည်မြဲနေတာပါလဲလို့ မေးတဲ့အခါမှာ ...

"စစ်တပ်က မြန်မာပြည်လူမှုအသိုင်းအဝိုင်းမှာရှိတဲ့ လွတ်လပ်တဲ့ အဖွဲ့အစည်းမှန်သမျှကို ဖြိုဖျက်ခဲ့တာကြောင့်လို့ ကျနော် ထင်တယ်။ မဆလ ပါတီခေတ်မှာလည်း မဆလ ပါတီက လွဲလို့ ဘယ်ပါတီ ဘယ်အဖွဲ့အစည်းကိုမှ ထူထောင်ခွင့် မပြုခဲ့ပါဘူး။ ၁၉၈၈ နောက်ပိုင်း နဝတ၊ နအဖ ခေတ် ကျပြန်တော့လည်း အရပ်သားလူမှုအဖွဲ့အစည်းတွေ ပေါ်ထွန်းလာတာတွေ ရှိပေမယ့် လွတ်လပ်တာက တော့ မရှိပါဘူး။ နိုင်ငံရေးပါတီတွေလည်း အကန့်အသတ် များစွာနဲ့ပါ။ နောက် စစ်တပ်က သူတို့သာလျှင် မြန်မာနိုင်ငံကို စုစည်းနိုင်မယ့်

တခုတည်းသော အဖွဲ့အစည်းလို့ ယုံကြည်နေတဲ့အချက်ပါ။ သူတို့မရှိရင် တိုင်းပြည်ပြိုကွဲသွားလိမ့်မယ်လို့ သူတို့ တကယ်ပဲ ယုံကြည်နေကြပါတယ်။ ဒီအချက်တွေကြောင့်ပါ။”

ဒါကတော့ ပရောဖက်ဆာ စကိုင်းဗက်စ်ရဲ့ အမြင်ပါ။

စစ်တပ်က အရာရှိဟောင်းတဦးဖြစ်တဲ့ ဦးအောင်ဆက်ပိုင်ကို မေးရာမှာလည်း ခုနက ပရောဖက်ဆာ စကိုင်းဗက်စ် ပြောသလို စစ်တပ်က သူတို့မထိန်းထားရင် တိုင်းပြည်ပြိုကွဲမှာကို စိုးရိမ်နေတဲ့အချက်ကို သူကလည်း သဘောတူပါတယ်။

“ကျနော့်အနေနဲ့ မြင်တာတော့ နံပါတ် (၁)တစ်ချက်က နိုင်ငံတော်ကို ကာကွယ်ရမယ်၊ ကယ်တင်ရမယ်၊ ဒီလိုအချက်တွေ ပြောပြီးတော့ တပ်ကို စည်းရုံးထားတယ်ဗျာ။ ဥပမာပြောရရင်တော့ ချောက်ထဲမကျအောင် ကယ်ရမယ်ဆိုတဲ့ဟာမျိုး ပေ့ါဗျာ။ ဒါက နံပါတ် (၁) တချက်။ နံပါတ် (၂)အချက်အနေနဲ့က တပ်ထဲမှာ တင်းကျပ်တဲ့ စစ်စည်းကမ်းဥပဒေတွေရှိတယ်ဗျ။ ဒီဟာနဲ့ပတ်သက်ပြီးတော့ တပ်မတော်သားတွေကို အမိန့်ပေးထားတယ်။ ----Drive လုပ်ထားတယ်။ လုံးဝ လှုပ်လို့မရဘူး။ နောက် တပ်တွင်းမှာ သင်တန်းအမျိုးမျိုး ပေးပြီးတော့ ဖြစ်ရပ်မှန်တွေကို ဖုံးကွယ်ထားတယ်။ တနည်းပြောရရင်တော့ တပ်မတော်သားတွေက Brain Wash လုပ်ခံထားရတဲ့ အနေအထားကို ရောက်နေတယ်။ နောက်တချက်က ကျနော်တို့ ဗမာပြည်က တတိုင်းပြည်လုံးမှာ ပညာရေးအဆင့်က အင်မတန် တဖြည်းဖြည်း နိမ့်ကျလာတယ်ဗျ။ ဒီလိုဖြစ်လာတဲ့ဟာသည် ကျနော်တို့ တပ်တွင်းမှာလည်း ပညာတတ်မှုအဆင့်အတန်း အင်မတန် နိမ့်သွားတယ်။ နိမ့်သွားတဲ့အတွက် တပ်မတော်သားတွေမှာ ဝေဖန်ပိုင်းခြားနိုင်မှု နည်းသွားတယ်လို့ ဆိုလို့ရတယ်။ နောက်ဆုံးတချက် ကျနော် ပြောချင်တာကတော့ ဒါကတော့ တဖက်မှာ တပ်မတော်သားတွေကို အခွင့်အရေးမျိုးစုံပေးပြီးတော့ စိတ်ဓါတ်ရေးရာအနေနဲ့ ဖျက်ဆီးခံလိုက်ရတဲ့ အနေအထားမျိုးကို ရောက်သွားတယ်။ ကျနော် ဆိုလိုချင်တာက တဦးချင်း ကောင်းစားရေးဝါဒပေ့ါဗျာ၊ ဒါမျိုးက အင်မတန် ကျယ်ပြန့်လာတယ်။ အဲတော့ ဒီလို မှားယွင်းတဲ့ လမ်းကြောင်းတွေအပေါ်မှာပဲ ဦးတည်ပြီးတော့ တပ်က သွားနေတာ ဖြစ်တဲ့အတွက်တဲ့ သူတို့က ----drive လုပ်ပြီးတော့ ရေရှည်ထိန်းထားလို့ရတယ်လို့ ကျနော်ထင်ပါတယ်။”

စစ်တပ်အရာရှိဟောင်းတဦးရဲ့အမြင်ပါ။ ၁၉၄၈ ခု စလို့ မြန်မာအစိုးရကို ဆန့်ကျင်တိုက်ပွဲဝင်နေတဲ့ မြန်မာပြည်ကွန်မြူနစ်ပါတီ က ဒေါက်တာလှကျော်ဇောကတော့ စစ်တပ်ကို ရက်စက်တဲ့ တပ်၊ ဖိနှိပ်တဲ့ တပ် ဖြစ်သွားအောင် ပုံသွင်းခဲ့မှုက စစ်အာဏာကို တည်မြဲစေတဲ့ အကြောင်းအချက်တခုဖြစ်တယ်လို့ သူက အခုလို ထောက်ပြပါတယ်။

ဦးနေဝင်းခေတ် မဆလ ခေတ်မှာကိုက သူက ဒီတိုင်းပြည်ကြီးကို အဖျက်သမားတွေ၊ အနှောက်သမားတွေ ဆိုပြီးတော့ ဗကပ တွေကိုပဲ ဖြစ်ဖြစ်၊ လူမျိုးစုတွေကိုပဲဖြစ်ဖြစ်၊ ဂိုဏ်းကဏ္ဍစိတ်ပေ့ါဗျာ၊ မုန်းတီးရေး လူမျိုးရေး မုန်းတီးစိတ်ကော ဒီသဘောတရားအရ ကွဲပြားမှုအပေါ်မှာ မုန်းတီးစိတ်ကော တခါတည်း သွင်းပေးလိုက်တာ ဖြစ်တာကိုး။ အဲဒီအောက်မှာ ဒီ မုန်းတီးရွံရှာစိတ်နဲ့ ရက်ရက်စက်စက် လုပ်တာပါ။ အဲတော့ အဲဒီရက်စက်မှုက နောက်ပိုင်းကျတဲ့အခါကျတော့ သူက မြို့ပေါ်က ကျောင်းသားတွေ လူထုတွေသာမက နောက်ဆုံး သံဃာတော်တွေကိုပါ သတ်ရဲဖြတ်ရဲတဲ့ ဘဝ ရောက်သွားတာပါ။ လူမျိုးစုဒေသတွေမှာဆိုရင် အထူးသဖြင့် ဗမာစကား မတတ်ရှာတဲ့ ဒေသတွေမှာဆို တော်တော်ရက်စက်တာဖြစ်တယ်၊ ဒီ ဗမာ့တပ်မတော်က။ တကယ့်ကို တိုင်းချစ်ပြည်ချစ် တပ်မတော်တရပ်ကနေပြီးတော့ တကယ့် ကြေးစား စစ်တပ်တတပ်ဖြစ်အောင် သူ လုပ်ပစ်လိုက်တာပဲ။”

ဒေါက်တာလှကျော်ဇောပါ။ သမိုင်းပညာရှင် ဒေါက်တာအောင်ခင်ကလည်း အခု ဆိုခဲ့တဲ့အချက်တွေကို မငြင်းပါဘူး။ နောက် သူ ထပ်ထောက်ပြတာကတော့ ဒီ စစ်အာဏာရှင်စနစ် ကြာရှည်နေရတဲ့အကြောင်းကတော့ ပထမ ဒီ စစ်တပ်က ဝါဒဖြန့်တာပေ့ါဗျာ။ သူ အာဏာသိမ်းရတဲ့ကိစ္စကို ကျန်တဲ့လူတွေ ယုံကြည်အောင်လို့ သူက အမျိုးမျိုး ဝါဒဖြန့်တဲ့လုပ်ငန်းက သူက အဓိကပဲ။ ပထမဦးဆုံး အာဏာသိမ်းတုန်းက အိမ်စောင့်အစိုးရလက်ထက် ၅၈ ကနေ ၆၀ အထိပေ့ါ။ နောက်တခါ ၆၂ ကျတော့ တကယ်အာဏာသိမ်းတဲ့ အခါမှာ ဆိုရှယ်လစ်လုပ်မယ် ဘာညာဆိုပြီး လုပ်တော့ သူက အရေခြုံကောင်းတယ်။ ဆိုရှယ်လစ်အရေခြုံထားတာ။ ဆိုတော့ အခု လက်ရှိအစိုးရ တက်လာတဲ့အချိန်မှာတော့ အပြည်ပြည်ဆိုင်ရာ အခြေအနေက ပြောင်းသွားပြီ။ စစ်အေးတိုက်ပွဲကလည်း ပြီးသွားပြီ။ ဆိုဗီယက်ယူနီယံဆိုတာလည်း မရှိတော့ဘူး။ တရုတ်ကွန်မြူနစ်ကလည်းပဲ ကွန်မြူနစ်က အခု အရင်းရှင်လမ်းစဉ်ကို ကျင့်သုံးနေတယ်။ အားလုံး ကမ္ဘာ့အခြေအနေ ပြောင်းလဲသွားတဲ့အခါမှာ ဒီအစိုးရကတော့ အရင်အတိုင်းပဲ သူက အာဏာသိမ်းမယ်၊ အာဏာသိမ်းပြီး သူလုပ်မယ်ဆိုတော့ ကမ္ဘာက ဝိုင်းပြီး အရေးယူတာပေ့ါ၊ လက်မခံတော့ဘူး။”

ဒီနေရာမှာ ဆရာ ကျနော်ဆက်ပြီးတော့ မေးချင်ပါတယ်။ ဒီစစ်တပ်ခေါင်းဆောင်တွေက စစ်အေးခေတ်ကာလတုန်းကလည်း အဲဒီတုန်းက ရှိနေတဲ့အခြေအနေနဲ့ လိုက်လျောညီထွေအောင် လုပ်ပြနိုင်ခဲ့ပါတယ်လို့ ထင်ပါတယ်။ ဆိုလိုတာက သူတို့က ကွန်မြူနစ်ကို တိုက်နေတော့ အနောက်အုပ်စုတွေဘက်က ဖိအားတွေကို ရှောင်နိုင်ခဲ့ပါတယ်။ နောက်အခု ၁၉၈၈ နောက်ပိုင်း စစ်အေးခေတ် နောက်ပိုင်းမှာလည်း ပတ်ဝန်းကျင်နိုင်ငံတွေဖြစ်တဲ့ တရုတ်နိုင်ငံ၊ အိန္ဒိယနိုင်ငံ၊ အာဆီယံနိုင်ငံတွေနဲ့ ပြေလည်အောင် လုပ်ပြနိုင်ခဲ့တယ် ဆိုတော့ ဒါ သူတို့က ပါးနပ်တယ်လို့ မဆိုနိုင်ဘူးလားခင်ဗျာ့။

“ဟုတ်ပါတယ်၊ သူတို့က ကလိမ်စင့် ငြန်းဆင် ပေ့ါဗျာ။ သူ အမျိုးမျိုး ကလိမ်ကျပြီးလုပ်တာ။ ဒီလိုဖြစ်နေပေမယ့်လည်း သူတို့က ကံကောင်းချင်တော့ သဘာဝဓါတ်ငွေ့ထွက်တယ်။ သူတို့ခေတ်မှာ သဘာဝဓါတ်ငွေ့တွေ ရောင်းစားလို့ရတယ်။ တနှစ်ကို ဒေါ်လာသန်း ထောင်နဲ့ချီပြီးတော့ ရောင်းစားလို့ရတယ်။ ဆိုတော့ ဒီဟာတွေက သဘောတရားကို မကြည့်ဘဲနဲ့ အိန္ဒိယကလည်း ရေနံနဲ့ ဓါတ်ငွေ့ သိပ်လိုချင်နေတယ်။ တရုတ်ကလည်း လိုချင်တယ်။ အာဆီယံနိုင်ငံတွေကလည်း လိုချင်တာပဲ။ ရောင်းတဲ့နိုင်ငံက ဗမာရှိတယ်။

အရင်တုန်းက မလေးရှားရှိတယ်၊ အင်ဒိုနီးရှား ရှိတယ်ပေ့ါဗျာ။ ဒီထဲမှာ ဗမာက ပေါ်လာတယ် ပေါ်လာတော့ သူ့ သဘာဝခါတ်ငွေ့ ကလည်း တော်တော်များများရှိတယ်။ ဒီပစ္စည်းကို လိုချင်တဲ့နိုင်ငံတွေက သူ့အလိုက်အထိုက် ဆက်ဆံနေရတာပဲ ဒါပဲ။”

ဒါကတော့ ဒေါက်တာအောင်ခင်ရဲ့ အဖြေပါခင်ဗျာ။

မြန်မာပြည် စစ်ခေါင်းဆောင်တွေဟာ စစ်တပ်ကို နောက်ခံပြုပြီးတော့ အာဏာတည်မြဲနေတယ်ဆိုပေမယ့် လက်နက်ကိုင် ဆန့်ကျင်တိုက်ခိုက်မှုတွေက အများအပြား ပေါ်ခဲ့တာပါ။ ဗမာပြည်ကွန်မြူနစ်ပါတီ၊ နောက် လူမျိုးစုလက်နက်ကိုင် အဖွဲ့အစည်းတွေ အများအပြား ပေါ်ခဲ့ပါတယ်။ ဘာကြောင့်များ ဒီလက်နက်ကိုင် အင်အားစုတွေရဲ့ တိုက်ခိုက်မှုက မြန်မာပြည်ရဲ့ စစ်တပ်အာဏာကို မဖြိုနိုင်ခဲ့တာလဲ။ ဒါကို ဒေါက်တာလှကျော်ဇောကို မေးပါရစေခင်ဗျာ။

“ကျမတို့ တညီတညွတ်တည်း မဖြစ်မှုပေ့ါ။ အဲဒါ ကျမတို့ ဗမာပြည်ကွန်မြူနစ်ပါတီအပါအဝင် လက်နက်ကိုင်အင်အားစု အားလုံး အတွင်းကော လူမျိုးစု အသီးသီးအကြားမှာကော ညီညွတ်တဲ့တပ်ပေါင်းစု၊ ကျယ်ပြန့်တဲ့တပ်ပေါင်းစု မဖွဲ့နိုင်တာ ဒါ ကျမတို့ရဲ့ အဓိကအားနည်းချက်ဖြစ်တယ်။ ကျမတို့အားလုံးမှာ တူညီတဲ့ ဘုံလမ်းစဉ်ရှိတယ်။ ဥပမာအားဖြင့် ဒီစစ်အာဏာရှင်စနစ်ဟာ ဒီ ဗမာပြည်ကြီး တိုးတက်ဖို့ ဖွံ့ဖြိုးဖို့အတွက် မရှိသင့်တော့ဘူး။ ဗမာပြည်ကြီး ငြိမ်းချမ်းဖို့၊ ဒီမိုကရေစီရရေးအတွက် အဟန့်အတားကြီး ဖြစ်တယ်ဆိုတာ အားလုံး ယုံကြည်တယ်။ အဲဒီယုံကြည်ချက်နဲ့ အားလုံး တညီတည်း တညွတ်တည်း တိုက်ကြတာတော့ မှန်တယ်။ ဒါပေမယ့် ညီညွတ်တဲ့ ဟန်ချက်ညီတဲ့ လှုပ်ရှားမှုကို ကျမတို့ ကောင်းကောင်းမလုပ်နိုင်ဘူး။ ဘာဖြစ်လို့လဲဆိုတော့ ကျမတို့က ကျယ်ပြန့်တဲ့တပ်ပေါင်းစုတခု မဖွဲ့နိုင်ဘူး။ အဲတော့ ကျမတို့ ဗမာပြည်ကွန်မြူနစ်ပါတီ ကိုယ်တိုင်ကလည်း တောက်လျှောက် လက်နက်ကိုင်တော်လှန်ရေးလုပ်လာတာ ရပ်တည်ချက်အရ ကျမတို့ ဘယ်တုန်းကမှ မမှားခဲ့ဘူး။ ကျမတို့ ရပ်တည်ချက်က ပြည်သူလူထု အကျိုးစီးပွားပဲ တောက်လျှောက်ရပ်တည်ခဲ့တာ။ ဒါပေမယ့်လို့ ကျမတို့က တော်လှန်ရေးအဆင့်တိုင်း အဆင့်တိုင်းမှာ လိုအပ်တဲ့ နည်းပရိယာယ်လမ်းစဉ်တွေ ချမှတ်တဲ့နေရာမှာတော့ (၁)က တရားသေကျတယ်။ (၂)က ပျော့ပြောင်းမှု မရှိဘူး။ ဒါကြောင့်မို့လည်း ကျမတို့က လူမျိုးစု အသီးသီးနဲ့ ကျယ်ပြန့်တဲ့ မဟာမိတ် မရဘူး။ ညီညွတ်ရေး မထူထောင်နိုင်ဘူး။ မြို့နေလူတန်းစားတွေ အားလုံးကိုလည်း တညီတညွတ်တည်း မိမိနောက်က ပါလာအောင် မစည်းရုံးနိုင်ဘူး။ အဲဒီဟာတွေ အားလုံးရဲ့ အကျိုးဆက်အားဖြင့် ဒီ စစ်အာဏာရှင်စနစ်က သူက ပိုပိုပြီးခိုင်မာပြီး ပိုပိုပြီးတော့ ခိုင်မြဲနေတာပေ့ါ။”

အခုပြောခဲ့သလိုပဲ ဒီ လက်နက်ကိုင်ဆန့်ကျင်ကြတဲ့ အင်အားစုတွေက ကျယ်ပြန့်တဲ့ တပ်ပေါင်းစုကြီး မဖွဲ့နိုင်ခဲ့ကြပေ့ါမယ့် ၁၉၈၈ မှာတော့ မြန်မာပြည်တဝှမ်း လူထုအုံကြွမှုကြီးက စစ်အာဏာရှင်ကိုအကြီးဆုံး စိန်ခေါ်ခဲ့ပါတယ်။ ဒီ လူထုလှုပ်ရှားမှုကြီးကကော စစ်တပ်ရဲ့ အာဏာတည်မြဲမှုကို ဘာဖြစ်လို့ မချုပ်ငြိမ်းနိုင်ခဲ့တာပါလဲ။ ပရော်ဖက်ဆာ စတိုင်းဗက်စ် ကတော့ ...

“၁၉၈၈ လူထုလှုပ်ရှားမှုကြီးက တကယ့်လှုပ်ရှားမှုကြီးပါ။ ဘာကြောင့် ကျဆုံးခဲ့ရတာလဲ ဆိုတာကို ပြောဖို့ကတော့ အတော်လေးကို မလွယ်ပါဘူး။ ဒီလှုပ်ရှားမှုကြီးဟာ စနစ်တကျ ဖွဲ့စည်းမှု မရှိဘူးလို့ မဆိုနိုင်ပါဘူးဗျ။ တဖက်ကလည်း ထိထိ ရောက်ရောက် အောင်မြင်အောင် မလုပ်နိုင်ခဲ့တာတော့ ဖြစ်ခဲ့တာပေ့ါဗျာ။ စစ်တပ်က ငါတို့ပဲ ထိန်းနိုင်မယ်ဆိုတဲ့ စိတ်ဓါတ်နဲ့ အကြမ်းဖက်ပြီး နောက်ဆုံးတော့ အာဏာသိမ်းခဲ့တာပေ့ါ၊ ဝမ်းနည်းစရာကောင်းတဲ့ အဖြစ်အပျက်ပါ။”

ဒီနေရာမှာ ကျနော်မေးချင်တာကတော့ စစ်တပ်အတွင်းမှာကော ‘ဒါ သူတို့သွားနေတဲ့လမ်းက မဟုတ်တော့ဘူး၊ စစ်အာဏာရှင်စနစ်က မြန်မာပြည်ရဲ့ ဆိုးကျိုးတွေကိုပဲ ဖြစ်စေတယ်၊’ စတဲ့အမြင်ရှိတဲ့သူတွေ၊ တိုင်းချစ်ပြည်ချစ် စစ်သားတွေ၊ တပ်မှူးတွေ တပ်ထဲမှာ ရှိနိုင်ပါတယ်ခင်ဗျာ။ သူတို့ကကော ဘာဖြစ်လို့ အထက်ဦးစီးတွေကို တော်လှန်ပြီးတော့ ပြန်လှန်ပုန်ကန်ပြီးတော့ ပြောင်းလဲတာတွေ မလုပ်နိုင်ခဲ့တာလဲ ခင်ဗျာ။

မြန်မာစစ်တပ်ထဲမှာက ရာထူးအမြင့်ကနေ အနိမ့်ကို အဆင့်ဆင့်အုပ်ချုပ်မှုက ကြီးမားပါတယ်။ အခုအချိန်မှာတော့ အထက်ကို ပြန်လှန်စောကြော မေးခွန်းထုတ်ဖို့လုပ်နေတာတွေ မတွေ့ရပါဘူး။ ဒါပေမယ့် တဖြည်းဖြည်းနဲ့တော့ အပြောင်းအလဲက စစ်တပ်ထဲက လာနိုင်ပါတယ်။”

ပရော်ဖက်ဆာ စတိုင်းဗက်စ်ကတော့ အခုလိုမြင်ပါတယ်။

စစ်တပ်က အရာရှိဟောင်းဖြစ်တဲ့ ဦးအောင်ဆက်ပိုင်ရဲ့ အမြင်ကိုလည်း ကြားပါရစေ။

“တပ်မတော်ထဲမှာ တကယ်ပဲ တိုင်းပြည်ကို ချစ်တဲ့ စစ်ဗိုလ် စစ်သား ဆိုတာ အမြောက်အများရှိတယ် ခင်ဗျာ့။ ဒါကတော့ ကျနော်တို့ ငြင်းလို့မရဘူး။ အဲတော့ ကျနော်တို့ တပ်မတော်ထဲမှာ ပြန်ကြည့်ရင် နဂိုကာလကတည်းက တပ်မတော်ထဲမှာ တိုင်းပြည်ကို ချစ်တဲ့ အရာရှိအတော်များများက ဒီလိုပဲ အဖယ်ရှား ခံခဲ့ရတယ်။ အဆက်ဆက်ပေ့ါ။ ကျနော်တို့ ဒီအရေးပါတဲ့နေရာတွေကို ကိုင်ထားတဲ့ အရာရှိကြီးတွေ၊ ဒီအရာရှိကြီးတွေဟာဆိုရင် လူကြီးတွေရဲ့ ကောက်ယူမွေးစားခြင်းကို ခံခဲ့ရတာ တွေ့ရတယ်။ ဆိုတော့ သူတို့ကို တခါကြည့်ပြန်တော့လည်း သူတို့က အမြဲတမ်းနေရာအတည်တကျ သူတို့လည်း အပေးမခံရဘူး။ အမြဲတမ်း သူတို့ကိုလည်း အလှည့်ကျ စနစ်နဲ့ လှည့်နေတယ်။ အဲတော့ ဘယ်သူ့လက်ထဲမှာမှ အုပ်ချုပ်ရေးအာဏာနဲ့ တပ်ကို အမြဲတွဲပြီးတော့ ပေးမကိုင်ထားဘူး။ တခါ တဖက်က ပြန်ကြည့်ပြန်တော့ ထောက်လှမ်းရေးစနစ်က အင်မတန်ကောင်းတယ်။ ကောင်းပြီးတော့ ကျနော်တို့ အချင်းချင်းကြားထဲမှာ ကိုပဲ ကောင်တာ ထည့်ပေးထားတယ်။ အဆင့်ဆင့်မှာ Watch လုပ်ထားတယ်။ အဲတော့ ဒီလိုလုပ်ထားတဲ့အတွက် တော်ရုံတန်ရုံလူက မလှုပ်ရဲဘူး။ တနည်းပြောရလို့ရှိရင် တပ်မတော်ကိုယ်၌ကိုက အာဏာသိမ်းခံထားရတယ်လို့ ကျနော်ပြောချင်တယ်။ ဒါကြောင့်မို့ အပြောင်းအလဲ မဖြစ်နိုင်တာပါ။

ဒါဆိုရင် ကျနော်တို့နိုင်ငံမှာ စစ်အာဏာက အမြဲပဲ တည်သွားတော့မှာလား။

ဒေါက်တာ လှကျော်ဇောကတော့ မျှော်လင့်ချက်ရှိတဲ့အကြောင်း အခုလိုပြောပါတယ်။

“စစ်အေးတိုက်ပွဲပြီးလိုက်တဲ့အတွက် လစ်ဘရယ်ဒီမိုကရေစီတို့၊ လူ့အခွင့်အရေးတို့ပဲ အဓိကထားတဲ့အခါကျတော့ ဒါဟာ ဒီအတိုက်အခံ အင်အားစုတွေအတွက်က ကျမတို့ အတွေးအခေါ်အရ သဘောတရားရေးအရ ဂိုဏ်းဂဏဖြစ်စရာ မလိုဘူးပေါ့။ အဲဒါ တခု။ နောက်တခုကလည်း ဘာလဲဆိုတော့ အခုခေတ်မှာက သတင်းမီဒီယာခေတ် ဖြစ်တာကိုး။ သတင်းမီဒီယာခေတ် ဖြစ်တဲ့အခါကျတော့ ဘာဖြစ်ဖြစ် ချက်ချင်း သိရတယ်။ ဥပမာအားဖြင့် ကျမတို့ ဗမာပြည်မှာကြည့် စစ်အာဏာရှင်စနစ် လူထုဆန့်ကျင်ပွဲတွေ လူထုဆန္ဒပြပွဲတွေ ဒါကို ပြန်ပြီးတော့ စစ်အာဏာရှင်စနစ်က ရက်ရက်စက်စက် သတ်ဖြတ်ခဲ့တဲ့ ပွဲတွေဟာ ဘယ်တုန်းကမှ ဒီ ၂၀၀၇ ခုနှစ် သံဃာ့အရေးလောက် ကမ္ဘာကို မပြန့်ခဲ့ဘူး။ တောက်လျှောက်လုပ်လာခဲ့သမျှ ဒီစစ်အာဏာရှင်ဆန့်ကျင်ရေး လူထုလှုပ်ရှားမှုထဲမှာ ၂၀၀၇ သံဃာ့ ဆန္ဒပြပွဲက အမြတ်ဆုံး ကျမအမြင်မှာ။ လူထုဘက်က မြတ်တာပြောတာနော်။ အဲတော့ နောင်လည်း ဒီလိုပဲ ဖြစ်မှာပဲ။ ကိုယ့်တိုင်းပြည်အတွင်းမှာ တံခါးပိတ်ပြီး ကျိတ်ရိုက်နေလို့ ကျိတ်သတ်နေလို့ လုပ်ချင်တိုင်း လုပ်လို့မရတော့တဲ့ ခေတ်ရောက်ပြီ။ စစ်အာဏာရှင်စနစ်က ခေတ်နဲ့လည်း မညီဘူး။ သူက သမိုင်းဖြစ်ပေါ်တိုးတက်မှုနဲ့လည်း မညီဘူး။ စစ်အာဏာရှင်စနစ်က သွားကို သွားရမှာ။”

ပရောဖက်ဆာ စတိုင်းဗက်စ်ကရော ခင်ဗျာ့။ အခုလာမယ့် ၂၀၁၀ မှာ အခုစစ်ခေါင်းဆောင်တွေက ဒီမိုကရေစီ ရွေးကောက်ပွဲတွေ ပြုလုပ်ပေးမယ်ဆိုတော့ သူတို့လှမ်းနေတဲ့ခြေလှမ်းက စစ်အာဏာ မြန်မာပြည်မှာ တဖြည်းဖြည်း လျော့ကျသွားနိုင်တဲ့ အခြေအနေရှိလားဗျာ့။

“လာမည့် ၂၀၁၀ ရွေးကောက်ပွဲနောက်ပိုင်း ဒီမိုကရေစီဆိုတာကတော့ အင်ဒိုနီးရှား ဆူဟာတိုလက်ထက်က ဒီမိုကရေစီမျိုးပဲ ဖြစ်မှာပါ။ တကယ့်ဒီမိုကရေစီ မဟုတ်နိုင်ပါဘူး။ နိုင်ငံအကြီးအကဲကလည်း စစ်တပ်ထဲကပဲ လာမှာပါပဲ။ စစ်တပ်ခေါင်းဆောင်တွေကပဲ အဓိက ချုပ်ကိုင်သွားမှာပါပဲ။ ဒါပေမယ့် တဖြည်းဖြည်းနဲ့တော့ အပြောင်းအလဲက စစ်တပ်ထဲကနေပဲ လာလိမ့်မယ်လို့ ကျနော် ထင်ပါတယ်။”

ဒေါက်တာအောင်ခင်ကကော ပြောပါဦးခင်ဗျာ့။

ကျနော်တို့ဆီမှာ ဒီစစ်အာဏာ ဘယ်တော့မှ ချုပ်ငြိမ်းသွားမယ်လို့ ထင်ပါလဲခင်ဗျာ့။

အဲဒါတော့ ဒေါ်အောင်ဆန်းစုကြည် ပြောသလိုပဲဗျာ့။ ကျနော်တို့ ဒီမိုကရေစီပြုပြင်ပြောင်းလဲရေး၊ ဒီမိုကရေစီ တော်လှန်ရေးဆိုတာဟာ အတွေးအခေါ်ပြောင်းလဲရေးပဲ။ လူတွေရဲ့ အတွေးအခေါ် ပြောင်းလဲလာဖို့လိုတယ်။ စစ်တပ်မှာလည်း အတွေးအခေါ်ပြောင်းလဲလာဖို့ လိုတယ်။ အရပ်သားတွေမှာလည်း အတွေးအခေါ် ပြောင်းလဲလာဖို့ လိုတယ်။ အရပ်သားတွေမှာလည်း စစ်ဗိုလ်ဆိုတဲ့လူဟာ ငါတို့ရှစ်ခိုးစရာ လူမဟုတ်ဘူး၊ ငါတို့ အရိုအသေပေးစရာ လူမဟုတ်ဘူးဆိုတာ သိဖို့လိုတယ်။ ကိုယ်ထူကိုယ်ထ ကိုယ့်ဟာကို လုပ်ရမယ်။ စစ်ဗိုလ်ကလည်း အမြင်မှန်ရလာဖို့ လိုတယ်။ စစ်ဗိုလ်ဆိုတဲ့လူဟာ တိုင်းပြည်အုပ်ချုပ်ဖို့ မသင့်တော်ဘူးဆိုတဲ့ ဥစ္စာကို စစ်ဗိုလ်ထဲမှာ အမြင်မှန်ရလာဖို့ လိုတယ်။ အဲဒါ အမြင်မှန် ရမလာရင်တော့ တည်ဆောက်လို့ မရဘူးပေ့ါဗျာ။ ဒီ လမ်းမှန် ကမ်းမှန်နဲ့ ဒီအုပ်ချုပ်ရေးစနစ်ကို တည်ဆောက်လို့မရဘူး။ အစိုးရစနစ်ကိုလည်း တည်ဆောက်လို့ ရမှာမဟုတ်ဘူး။ အဲတော့ အဲဒီဟာ ––– လုပ်တာ နှစ်ပေါင်းတော်တော်ကြာမယ်။ ဘယ်လောက်ကြာမယ်ဆိုတာတော့ ကျနော် မခန့်မှန်းနိုင်ဘူးပေ့ါဗျာ။”

စစ်အာဏာရှင်စနစ်က ကျနော်တို့ မြန်မာနိုင်ငံမှာ ခိုင်ခိုင်မြဲမြဲနဲ့ တည်ရှိနေပါပြီ။ နှစ်ပေါင်း ၄၆ နှစ် ဆိုတဲ့ ကာလက တိုင်းပြည်တခုကို တိုးတက်အောင်လုပ်ဖို့ အတော်ကို လုံလောက်တဲ့အချိန်ပါ။ ကျနော်တို့ မြန်မာပြည်ကတော့ တိုးတက်ဖွံ့ဖြိုးမှုနဲ့ မကြုံကြိုက်ရသေးပါဘူး။ ဒီလိုဖြစ်ရတဲ့ အကြောင်းအရင်းဟာ မြန်မာပြည်မှာ စစ်အာဏာရှင်စနစ် စိုးမိုးထားတာကြောင့်လို့ ယူဆကြရင်း ဒီစနစ်ကို ပြောင်းလဲနိုင်ဖို့က စစ်တပ်အပါအဝင် မြန်မာပြည်သူလူထုတွေက တညီးချင်း စမ်းစစ် စဉ်းစားကြမှသာ ပြောင်းလဲနိုင်မှာ ဖြစ်ကြောင်းပါခင်ဗျား။